## Highlights from DVB Debate's Religion and Democracy Show

Nov 4th, 2017

## Are radical religious a threat to Democracy?

"ခရစ်ယာန်တွေ တန်းတူရည်တူမခံစားရဘူး။ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ စကားတွေ မိန့်ခွန်းတွေကို အကုန်လုံးပြန်ကြည့်မယ်ဆိုရင် သူ့ရဲ့ Vision (မျှော်မှန်းချက်)က ဒီနိုင်ငံဟာ Secular State (ဘာသာရေးကိုအခြေမခံတဲ့နိုင်ငံတော်) ဖြစ်ရမယ်လို့ တောက်လျှောက်ပြောလာခဲ့တာဖြစ်တယ်။ ဒါပေမယ့် ဦးနုခေတ်ရောက်လာတဲ့အချိန်မှာ ဦးနုက မဲဆွယ်တဲ့အချိန်မှာ ဒီနိုင်ငံကို ဗုဒ္ဓဘာသာအဖြစ်ပြောင်းပေ့ါမယ်လို့ ပြောလိုက်တဲ့အချိန်မှာ ပြဿနာတွေအကုန်လုံးတက်ကုန်ပါတယ်။ "

**ဒေါ်ချယ်ရီဇာဟောင်** - လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ

---

"ဘာသာရေးက ဒီမိုကရေစီအတွက် အဆိုးဖက်ကလည်းရှိတယ် ။ အကောင်းဖက်ကလည်းရှိတယ်။
ဘာသာရေး ဆိုတာ Traditional ကိုအခြေခံတယ်။ ဘာသာရေးက
Conservative ရှေးရိုးကျတယ်။ ပြောင်းလဲမှုတွေနဲ့ ပက် သက်ပြီးတော့ Openess ပွင့်လင်းမှု သိပ်မပေးချင်ဘူး။
တဖက်ကပြန်ကြည့်ရင်လည်း ဘာသာတရားတွေနဲ့ ပက် သက်ပြီး
လွတ်လပ်စွာတွေးခေါ်ခွင့်နဲ့ ပြောင်းလဲဖို့ ဆိုတာမလွယ်ဘူး။ ဒီမိုကရေစီ သဘောတရားကျတော့လည်း
လွတ်လပ်စွာတွေးခေါ်ခွင့်ရှိရမယ်။ ပြောင်းလဲသင့်ရင်ပြောင်းလဲရမယ်။ အဲဒီနှစ်ခုက လုံးလုံးဆန့်ကျင်နေတယ်။ "

**ဦးရာဂူးနေမြင့်** - ဟိန္ဒူအဖွဲ့

---

"ငြိမ်းချမ်းရေးဆိုတာ ဆုတောင်းနေရုံနဲ့ မရဘူး။ ဇစ်မြစ်ကိုသိဖို့ လေ့လာဖို့ လိုပါတယ်။ ဘာကြောင့်ဒီပြဿနာတွေ ဖြစ်ရလဲ။ ဘာကြောင့်ပဋိပက္ခတွေဖြစ်ရလဲ။ အခုအဓိက Hightlight ဖြစ်နေတဲ့ ဘူးသီးတောင်မောင်တော နယ်ခြား ပြဿနာကို နိုင်ငံတကာက ဘာသာရေးပြဿနာလိုလို လူမျိုးရေးပြဿနာလိုလို ပုံဖော်နေကြတယ်။ ကျနော်တို့မြင်တာက ဒါဟာ နိုင်ငံကျူးကျော်တဲ့စစ်ပွဲပဲ။ ဒါဟာ ထင်သာမြင်သာရှိပါတယ်။"

**ဓမ္မစက္က ဦးမောင်မောင်** - သဘာပတိ၊ ထေရဝါဒဓမ္မကွန်ရက်

---

"ဦးနုခေတ်ကနေ တောက်လျှောက်နိုင်ငံရေးအခင်းအကျင်းတစ်ခုလုံးကို ကြည့်မယ်ဆိုရင် ကျမတို့နိုင်ငံမှာ အန္တရာယ်တအားများတဲ့အချက်က ဘာလဲဆိုရင် နိုင်ငံရေးအဖွဲ့အစည်းနဲ့ ဘာသာရေးအဖွဲ့အစည်းက မသဲကွဲဘူး ဖြစ်နေတယ်။ နိုင်ငံရေးမှာ ခေါင်းဆောင်လုပ်နေတဲ့လူတွေကလည်း ဘာသာရေးကိုခုတုံးလုပ်နေပါတယ်။ ဆိုတော့ Popular Vote ၊လူအများစုရဲ့ထောက်ခံမှုကို ရဖို့ ဘာသာရေးကိုခုတုံးလုပ်တာ တောက်လျှောက်တွေ့ရတယ်။ "

**ဒေါ်ချယ်ရီဇာဟောင်** - လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ

--------------------------------------------------------------------------------------------------------

"တချို့နေရာတွေမှာ ဒီမိုကရေစီ Norms အတွက်လိုအပ်တဲ့ဟာတွေကို ဘာသာရေးကလုပ်ပေးနိုင်တယ်။ ဥပမာ နိုင်ငံသားကောင်းဖြစ်လာဖို့ ဘာသာရေးက သင်ကြားပေးနိုင်တယ်။ လုပ်ပေးနိုင်တာတွေရှိတယ်။ ဒီမိုကရေစီ လူ့အဖွဲ့အစည်းမှာ ကောင်းတဲ့သက်ရောက်မှုရှိသလို ဆိုးတဲ့သက်ရောက်မှုတွေလည်းရှိတယ်။ ဒီမိုကရက်တစ် နဲ့သက်ဆိုင်တာရှိသလို မသက်ဆိုင်တာရှိတယ်။ နိုင်ငံရေးနဲ့ ဘာသာရေးဆိုတာခွဲထားလို့ တော့မဖြစ်နိုင်ဘူး။ တွဲပြီးလာတာဖြစ်တယ်။"

**ဦးရာဂူးနေမြင့်** - ဟိန္ဒူအဖွဲ့

---

"ဗုဒ္ဓဘာသာက အနိုင်ကျင့်တာမဟုတ်ဘူး။ အစိုးရရဲ့ Policy Structure ကတဖက်စောင်းနင်းဖြစ်နေတယ်။ ဥပမာဆိုလို့ရှိရင် ကျမတို့မြန်မာနိုင်ငံမှာ ဘာသာရေးဆိုင်ရာဝန်ကြီးရှိနေတုန်းပဲ။ တကယ်တမ်းဆိုရင် ဒါဟာ မလိုအပ်တော့တဲ့အရာဖြစ်တယ်။ ဒီသာသနာရေးဝန်ကြီးက ဘယ်သူ့အတွက်လဲ။ နိုင်ငံတော်ရဲ့ ရန်ပုံငွေဘတ်ဂျတ်နဲ့ သူဘာတွေလုပ်နေလဲ။ ဘယ်သူ့အတွက်လုပ်နေလဲ။ အဲဒါက မေးခွန်းထုတ်စရာဖြစ်နေတယ်။ "

**ဒေါ်ချယ်ရီဇာဟောင်** - လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ

--------------------------------------------------------------------------------------------------------

"အဓိကက ကိုယ့်ရဲ့ Identity ဝိသေသလက္ခဏာ အစွန်းရောက်မသွားဖို့ အရေးကြီးတယ်။ Identity တွေက တစ်ယောက်နဲ့ တစ်ယောက်တော့ တူမှာမဟုတ်ဘူး။ အစွန်းရောက်မှုတွေကို လူအဖွဲ့အစည်းတွင်း သယ်မလာသင့်ဘူး။ သယ်လာခဲ့ရင်တော့ လူ့အဖွဲ့အစည်းက ပက်ကြားအက်တာ ခံရပါလိမ့်မယ်။ "

**ဦးရာဂူးနေမြင့်** - ဟိန္ဒူအဖွဲ့

---

"ဖွဲ့စည်းပုံမှာ ပြဌာန်းထားတာက နိုင်ငံရေးအလို့ငှာ ဘာသာရေးကို အလွဲသုံးစားမပြုရ။ဒါဟာမှုပဲ။ ဓမ္မတရား သည် ဒီမိုကရေစီကို အထောက်အကူပြုတယ်။ အဓမ္မတရားသည် ဒီမိုကရေစီကို အထောက်အကူမပြုဘူး။ "

**ဦးလှဝင်း** - ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်၊ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့

---

"ကျမတို့ နိုင်ငံရဲ့ ပြဿနာက ဘာလဲဆိုတော့ ဘာသာတိုင်းဟာ လစ်ဘရယ်လစ်ဇင်းကို အရမ်း ဆန့်ကျင်ကြတယ်။ ခုခံကြတယ်။ လွတ်လပ်စွာ လူတစ်ဦးချင်းစီရဲ့ တွေးတောပိုင်ခွင့် အရမ်းကန့်သတ်ထားတဲ့ ပြဿနာပါ။ မြန်မာပြည်မှာရှိတဲ့ ဘာသာတိုင်းကိုကြည့်ရင် ရှေးရိုးစွဲတွေပဲဖြစ်တယ်။ အပြောင်းအလဲကို လက်မခံနိုင်ကြဘူး။ လူမှုအသိုင်းအဝိုင်းမှာ အကြောက်တရားတွေနဲ့ သွတ်သွင်းနေကြတယ်။ အကြောက်တရားတွေကို သွတ်သွင်းခြင်းဟာ ဒီမိုကရေစီကို မတိုးတက်အောင် စိန်ခေါ်နေတာပဲဖြစ်တယ်။အဟာန့်အတားဖြစ်စေတယ်။ "

**ဒေါ်ချယ်ရီဇာဟောင်** - လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ

---

ပရိသတ် (၁) အောင်ဖြိုး

အစွန်းရောက်အစွန်းရောက်အဖွဲ့ဆိုတာ မြန်မာနိုင်ငံမှာမှမဟုတ်ဘူး။ တကမ္ဘာလုံးရင်ဆိုင်နေရတာပါ။

----------------------------------------------------------------------------------------------------

ပရိတ်သတ်(၂) ဒါလီမြင့် (ကမန်တိုင်းရင်းသူ)

ဘာသာတရားတိုင်းက ကောင်းဖို့ လမ်းညွှန်ထားတာပါ။လိုက်နာတဲ့သူတွေကြောင့်သာ ဒီပြဿနာ တွေဖြစ်နေရတာပါ။ မြန်မာ့အသံတွေ မြဝတီတို့ ကနေ ဘာသာတရားတိုင်းရဲ့ ကောင်းချက်တွေ သွန်သင်ချက်တွေကိုသာ ချပြရင် ပြည်သူလူထုအများကလည်း ဒီဘာသာတွေရဲ့ ကောင်းကျိုးကို မြင်မှာအတွက်ကြောင့် အားလုံးက် ရလိမ့်မယ်လို့ မြင်မိပါတယ်။

----------------------------------------------------------------------------------------------------

ပရိသတ်( ၃) ဦးနေလင်း (စာရေးဆရာ)

လစ်ဘရယ်တွေကြောင့် ပြဿနာတက်နေရတာ။ လစ်ဘရယ်တွေ အစွန်းမရောက်ဖို့ လိုပါတယ်။

----------------------------------------------------------------------------------------------------

ပရိသတ် (၄) ဦးတင်မောင် ( အငြိမ်းစားရဲဝန်ထမ်း)

ဥပဒေက ရှိပါတယ်။ အစွသန်းရောက်သမားတွေကို ဥပဒေအတိုင်းလုပ်ဖို့ လိုပါတယ်။

----------------------------------------------------------------------------------------------------

ဦးဇင်း (၅)

ဘာသာရေးတွေမှာ ပြန်လည်ဆွေးနွေးတာမရှိဘူး။ ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆုတောင်းပွဲထက်စာရင် ဘာသာပေါင်းစုံ ဒိဘိတ်တစ်ခု လုပ်ခြင်းဖြင့် တစ်ယောက်နဲ့ တစ်ယောက် ဘာအားနည်းချက်ရှိသလဲ အားသာချက်ရှိလဲဆိုတာ သိလာနိုင်တယ်။ သိလာပြီးရင် အပြန်အလှန်နားလည်မှု ရှိလာနိုင်တယ်။ ဒါလေးအကြံပေးချင်တာပါ။

----------------------------------------------------------------------------------------------------

ထွန်းမြင့်မောင် (စာရေးဆရာ သမိုင်းသုတေသီ)

ဘာသာကြီးလေးခုထဲစလုံး ကိုယ့်ဘာသာထဲမှာ အခြားဘာသာတွေနဲ့ ဟာမိုနီမဖြစ်နိုင်တဲ့၊
ဒီမိုကရေစီနဲ့ လိုက် လျောညီထွေမဖြစ်နိုင်တဲ့ အချက်တွေဘာတွေရှိနေလဲ။ စဉ်းစားသင့်ပါတယ်။
အဖြေရှာသင့်ပါတယ်။

-----------------------------------------------------------------------------------------------------------